ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၇၉/၂၀၁၆)

| | |
|---|---|
| Mr. Byoung Tak Hur (အလုပ်ရှင်၊ CEO & MD)<br>ဦးတင်ထွန်းအောင်(မန်နေဂျာ၊ အလုပ်ရှင်၏<br>ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>LOTTE MGS Beverage (Myanmar) Co.,Ltd.၊<br>သန္တေပင်ကျေးရွာ၊ ပြည်လမ်း၊မှော်ဘီမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးတင့်လွင် ပါ (၃)ဦး<br>အမှတ်-၃၃၃၊ ဆပ်သွားတောကျေးရွာ၊<br>မြိုင်သာယာစံပြရပ်ကွက်၊ မှော်ဘီမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ လ ၂၇ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္တေပင်ကျေးရွာ၊ ပြည်လမ်းရှိ Mr. Byoung Tak Hur (အလုပ်ရှင်၊ CEO & MD) ပိုင်ဆိုင်သော LOTTE MGS Beverage (Myanmar) Co.,Ltd.နှင့် ဦးတင့်လွင် ပါ (၃)ဦးတို့အကြားဖြစ်ပွားကြသော အငြင်းပွားမှုကို မှော်ဘီမြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၁၀၉/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ခုနှစ်၊အောက်တိုဘာလ ၁၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးတင့်လွင် ပါ (၃)ဦးတို့မှ တောင်းဆိုခြင်းခံရသူထံတွင် အလုပ်မှရပ်စဲခံရသဖြင့် နစ်နာကြေး(၈)လစာပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက် (၁) ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

ကောက်ချက်အမှတ်(၁)။ တောင်းဆိုသူယာဉ်မောင်း ၃ ဦးသည် ၎င်းတို့တောင်းဆိုသော နစ်နာကြေး ၈ လစာ ရထိုက်၊ မရထိုက်။

ဆုံးဖြတ်ချက်အမှတ်(၁)။ တောင်းဆိုသူ ဦးတင့်လွင် ပါ ယာဉ်မောင်း ၃ ဦးအား အလုပ်မှ ရပ်စဲမှုအတွက် နို့တစ်ကြေးတစ်လစာ၊ လုပ်သက်နစ်နာကြေး တစ်လခွဲစာ၊ လုပ်သက်ခွင့်လက်ကျန်ငွေနှင့် အလုပ်ရှင်၏ စေတနာ အရအပိုဆောင်းပေးငွေ လဝက်စာ၊ စုစုပေါင်း (၃)လစာကို အောက်ပါအတိုင်းပေးရန် ဆုံးဖြတ်သည်။

| စဉ် | အမည် | နို့တစ်ကြေး | နစ်နာကြေး | လုပ်သက်ခွင့် | အပိုဆောင်း ပေးငွေ | ထုတ်ပေးရမည့် ငွေစုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ဦးတင့်လွင် | ၁၆၉၄၃၅ | ၂၅၄၁၅၃ | ၃၆၇၁၁ | ၈၄၇၁၈ | ၅၄၅၀၁၇ |
| ၂ | ဦးစိုင်းမျိုးထွန်း | ၁၆၃၉၁၁ | ၂၄၅၈၆၇ | ၃၅၅၁၅ | ၈၁၉၅၆ | ၅၂၇၂၄၉ |
| ၃ | ဦးဝင်းမြင့် | ၁၅၇၅၆၀ | ၂၃၆၃၄၂ | ၃၄၁၃၈ | ၇၈၇၈၁ | ၅၀၆၈၂၂ |

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၁၀၉/၂၀၁၆) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် LOTTE MGS Beverage (Myanmar) Co.,Ltd.၊ Mr. Byoung Tak Hur (အလုပ်ရှင်၊ CEO & MD)မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၇၉/၂၀၁၆)အား

ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးသန်းမောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးဒွေးတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် ၂၇-၁၀-၂၀၁၆ ရက်နေ့တွင် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီရှေ့မှောက်ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** တောင်းဆိုသူယာဉ်မောင်း ၃ ဦးသည် ၎င်းတို့တောင်းဆိုသော နစ်နာကြေး ၈ လစာ ရထိုက်၊ မရထိုက်။

**သုံးသပ်ချက်**

၇။ ယခုဖြစ်ပွားရသည့် အငြင်းပွားမှုသည် အလုပ်ရှင် Mr. Byoung Tak Hur (CEO & MD)မှ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ အယူခံတင်သွင်းလာခဲ့ရာ အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးတင်ထွန်းအောင်၏ စစ်ဆေးထွက်ဆိုချက်များအရ အလုပ်မှရပ်စဲခြင်းခံခဲ့ရသော လုပ်သား ဦးတင့်လွင် ပါ ယာဉ်မောင်း(၃)ဦးတို့သည် လုပ်ငန်းခွင်အတွင်း ပြစ်မှုကျူးလွန်ခြင်းကြောင့် ရပ်စဲခဲ့သည်မဟုတ်ဘဲ စက်ရုံလုပ်ငန်း၏ ပြောင်းလဲလာသော အခြေအနေများအရ အလုပ်မှရပ်စဲခဲ့ရသည်ဖြစ်ရာ ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခံစားခွင့်များကို ပေးအပ်မည်ဖြစ်ပါသည်။ မိမိ၏ လုပ်ငန်းမှ အလုပ်ရပ်စဲခြင်းခံရသော နစ်နာခဲ့သည်အခြားဝန်ထမ်းများကိုလည်း ဥပဒေနှင့်အညီ ပေးလျော်ခံစားခွင့်ပြုခဲ့ရာ အငြင်းပွားမှုများမရှိခဲ့ပါကြောင်း၊ အကယ်၍ နောက်နောင် လုပ်ငန်းလိုအပ်ချက်အရ ယခုကဲ့သို့ အလားတူအလုပ်မှရပ်စဲမှုကြုံတွေ့ခဲ့ရသည်ရှိသော် အလုပ်ရှင်၏ အပိုဆောင်းငွေခံစားခွင့်ပြုခဲ့ခြင်းကို အကြောင်းပြု၍ အဆိုပါခံစားခွင့်ကိုလည်း ခံစားခွင့်ပြုရန် အလုပ်သမားများအနေဖြင့် အခွင့်အရေးတစ်ရပ်သဖွယ် လွှဲမှားစွာတောင်းဆိုလာကြမည်ကိုစိုးရိမ်၍ အပိုဆောင်းငွေပေးခြင်းကို ဥပဒေနှင့်မညီညွတ်၍ အလုပ်ရှင်၏ဆန္ဒအရ ပေးလိုခြင်းမရှိပါကြောင်းနှင့် ၎င်းတို့၏

ဥပဒေနှင့်အညီ ခံစားခွင့်တောင်းဆိုသည်များကို အမြန်ဆုံးဖြေရှင်းဆောင်ရွက် ပေးသွားမည်ဖြစ်ပါ ကြောင်းနှင့် တောင်းဆိုသူ အလုပ်သမားများအနေဖြင့်လည်း လက်ရှိတွင် အလုပ်လက်မဲ့ဘဝကိုရင်ဆိုင်နေရပြီး ဥပဒေနှင့်အညီခံစားခွင့်များကို အပြည့်အဝရလိုကြောင်းနှင့် ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်ကို လိုက်နာမည်ဖြစ်ပါကြောင်း ရှင်းလင်းထွက်ဆိုခဲ့ကြပါသည်။

၈။ ခုံအဖွဲ့အနေဖြင့် အလုပ်ရှင်မှ ထောက်ပြအယူခံတင်သွင်းခဲ့သော အချက်အလက်များသည် ဥပဒေပါခံစားခွင့်နှင့်ညီညွတ်သည်များကို ခံစားခွင့်ပြုရန် သုံးသပ်ခဲ့ကြပါသည်။ ခုံအဖွဲ့သည် ညှိနှိုင်းမှုပြုရန် အခွင့်အာဏာမရှိဘဲ လုပ်ပိုင်ခွင့်ကိုကျော်လွန်၍ ဆောင်ရွက်ခွင့်မရှိသဖြင့် အလုပ်ရှင်မှမပေးဆောင်လိုသည့် အပိုဆောင်းထောက်ပံ့ငွေကို နုတ်ပယ်ပြင်ဆင်၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ်(၁)ကို ပြင်ဆင်ဆုံးဖြတ်ရန် ခုံအဖွဲ့ဝင်များမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** တောင်းဆိုသူ ဦးတင့်လွင် ပါ ယာဉ်မောင်း(၃)ဦးအား အလုပ်မှရပ်စဲမှုအတွက် နို့တစ်ကြေး(၁)လစာ၊ အလုပ်ရပ်စဲမှုနစ်နာကြေး(၁)လခွဲစာ လုပ်သက်ခွင့် လက်ကျန်ငွေများကို အောက်ဖော်ပြပါအတိုင်း အလုပ်ရှင်မှအမြန်ဆုံးခံစားခွင့်ပြုနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်တွင်ပါဝင်သော အပိုဆောင်းငွေစာတိုင်အားပယ်ဖျက်၍ အောက်ပါအတိုင်း ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

| စဉ် | အမည် | နို့တစ်ကြေး | နစ်နာကြေး | လုပ်သက်ခွင့် | ထုတ်ပေးရမည့်ငွေစုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဦးတင့်လွင် | ၁၆၉၄၃၅/- | ၂၅၄၁၅၃/- | ၃၆၇၁၀/- | ၄၆၀၂၉၉/- |
| ၂ | ဦးစိုင်းမျိုးထွန်း | ၁၆၃၉၁၀/- | ၂၄၅၈၆၇/- | ၃၅၅၁၅/- | ၄၄၅၂၉၃/- |
| ၃ | ဦးဝင်းမြင့် | ၁၅၇၅၆၀/- | ၂၃၆၃၄၅/- | ၃၄၁၃၈/- | ၄၂၈၀၄၀/- |

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

ဦးသန်းမောင်
အဖွဲ့ဝင်

ဦးသောင်းစိန်
ဥက္ကဋ္ဌ

ဦးငွေး
အဖွဲ့ဝင်